WORLD BANK GROUP

# ကမ္ဘာ့ဘဏ်အုပ်စု မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင် ၂၀၁၅-၂၀၁၇

### ပြည်သူအားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်နိုင်ရေး လူတိုင်း၏ ဘဝ အရည်အသွေးများ မြှင့်တင်စေရန် ဆောင်ရွက်ခြင်း

## ဆင်းရဲနွမ်းပါးမှု

လူဦးရေ ၃.၅ သန်း အတွက်လျှပ်စစ်မီးလိုင်း အသစ်များ သွယ်တန်း ဆက်သွယ်လာနိုင်ပြီး လျှပ်စစ်မီး အသုံးပြုမှု တိုးတက်လာမည်။

မြေဧရိယာ ဟက်တာ ၁၀၀၀၀ အတွက် ဆည်မြောင်း စနစ်များ ပိုမို ကောင်းမွန်လာမည်။

လူဦးရေ ၂.၅ သန်း အတွက် ကောင်းမွန်သည့် ကျေးလက် အခြေခံ အဆောက်အအုံများနှင့် အခြေခံကျသည့် ဝန်ဆောင်မှုများ ပိုမို ရရှိလာမည်။

### ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုကို လျှော့ချခြင်း

မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးသူ လူဦးရေ စုစုပေါင်း၏ ၇၆% သည် ကျေးလက် ဒေသများတွင် နေထိုင်လျက် ရှိကြသည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် သဘာဝပြောင်းလဲမှုများ မျှဝေရေး မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သည့် ဝန်ဆောင်မှုများ ရရှိနိုင်ရန်နှင့် စီးပွားရေး အခွင့်အလမ်းများ နှင့် ဈေးကွက်များသို့ ပိုမို ချိတ်ဆက်နိုင်ရန် လိုအပ်သည်။

## လူသားအရင်းအမြစ်

ကျွမ်းကျင်သည့် သားဖွားဆရာမများ၏ အကူအညီဖြင့် မီးဖွားသည့် ကလေးငယ်အရေအတွက်သည် ၂၀၁၄ ခုနှစ်တွင် ၇၁% ရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၇၅% အထိ တိုးတက်လာမည်။

ကျောင်းသား ၃၀,၀၀၀ ကျောင်း ဆက်လက် တက်ရောက်နိုင်ရန် ပညာသင်ထောက်ပံ့ကြေး ရရှိကြမည်။

အနည်းဆုံး ၄၀% ၎င်းတို့အနက် သည် မိန်းကလေးများ ဖြစ်သည်။

မြန်မာနိုင်ငံ တစ်ဝှမ်းရှိ ကိုယ်ဝန်ဆောင် မိခင် ၃ သန်း နှင့် ကလေးငယ်များသည် ကောင်းမွန်သည့် ကျန်းမာရေး ဝန်ဆောင်မှုများကို တိုးတက်ရရှိကြမည်။

### ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေရန် လူသား အရင်းအမြစ်နှင့် အားကောင်းသည့် အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန် ရင်းနှီးမြှုပ်နှံခြင်း



ကမ္ဘာ့ဘဏ်အုပ်စုသည် ပြည်သူများအတွက် တိုးတက်သည့် အနာဂတ်ဘဝကို တည်ဆောက်ရာတွင် လိုအပ်သည့် ကျွမ်းကျင်မှုများ ရရှိစေရန် ကူညီပေးနိုင်မည့် အခြေခံကျသည့် လူမှုရေး ဝန်ဆောင်မှုများ ပိုမို ရရှိစေရန် လည်းကောင်း၊ အရည်အသွေး တိုးတက်ကောင်းမွန်စေရန် လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

## အလုပ်အကိုင်

လူဦးရေ ၂၀၀၀၀၀ သည် ငွေကြေးနှင့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ပိုမို တိုးတက် ရရှိကြမည်။

ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ သန်း ၂၀၀ အထိ ရှိလာမည်။

နောက်ထပ် လူဦးရေ၏ ၃၀% သည် တယ်လီဖုန်း ဝန်ဆောင်မှုများကို ရရှိလာမည်။

### အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန် အားကောင်းသည့် ပုဂ္ဂလိက ကဏ္ဍကို ပံ့ပိုးကူညီပေးခြင်း

ဆင်းရဲနွမ်းပါးမှုကို လျှော့ချပြီး ရေရှည် ဖွံ့ဖြိုး တိုးတက်ရန်အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်သည့် အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်လိုအပ်သည်။ ကမ္ဘာ့ဘဏ်အုပ်စုသည် ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်နိုင်ရန်အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည့် အားကောင်းသည့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍတစ်ရပ် ဖြစ်ထွန်းလာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတိုင်းနှင့် ဆက်နွယ်လျက်ရှိသော ကိစ္စရပ်များဖြစ်သည့် အုပ်ချုပ်ရေး၊ ပဋိပက္ခအခြေအနေ၊ ကျား-မ တန်းတူညီမျှရေး၊ ရာသီဥတု ပြောင်းလဲမှု တို့ကိုလည်း ထည့်သွင်း စဉ်းစားဆောင်ရွက်သွားမည်။